


အိုဘားမား လိုင်းကားစီးရင်း တရားရှာပါ

# ကမ္ဘာကျော်

(ချောင်းခွ)

Graphic Design: Khaingpwee /2016

## ကျေးဇူးတင်လွှာ

ရှေ့ဦးစွာ ဘုရားသခင်ကို ကျေးဇူးတင်ပါသည် ။ မိသားစုဝင်များ သူငယ်ချင်းများ ၊ စာစီစာရိုက်အောင်တံခွန်၊ မျက်နှာဖုံးဒီဇိုင်း - Khaing Pwee၊ အမှာ စာရေးပေးသော ဆရာမ မာရီယာ၊ မြင့်ပုံနှိပ်တိုက်၊"မျိုးဆက်သစ်စာပေ ဖြန့်ချိရေး"နှင့် ဖတ်ရှုအားပေးသော စာဖတ်သူအားလုံးကို ကျေးဇူး အထူးတင်ရှိပါသည် ။

***

## အမှာ စာ

"လူအမျိုးမျိုး၊ စိတ်အထွေထွေ"ဟူသော စကားအတိုင်းပင် သွားသွားလာလာ နေ့စဉ်ကြုံတွေ့ နေရသည့် လူ့သဘာဝများ သည် လည်း စုံစီနဖာပါ။ ကမ္ဘာကျော် (ချောင်းခွ) ၏ "အိုဘားမား လိုင်းကားစီးရင်း တရားရာပါ"စာအုပ်အတွက် အမှာ စာရေးပေးရမည်ဟု ဆိုလာသောအခါ သူ၏ စာအုပ်လေးကို အစ, အလယ်မှ အဆုံး ကျွန်မ ဖတ်ရှုရပါသည် ။

စာရေးဟန်၊ စကားပြောဟန်၊ စာစီဖွဲ့ဟန်များက ဟိတ်ကြီး ဟန်ကြီး မရှိ၊ ကိန်းကြီးခမ်းကြီး မနိုင်သော်ငြားပင်၊ စာရေးသူ၏ ရင်ထဲမှာ မခံချိမခံသာ စေတနာ အချို့ကို ရှာဖွေတွေ့ရှိ လိုက်ရသည် ။ သူနေ့စဉ်ကြုံ

တွေ့ နေရသည့် ဘဝပုံရိပ်များ ထဲမှ အမောလေးများ ၊ ကရုဏာများ ၊ အမြင်မတော်မှုများ ၊ လူမှုရေးချို့တဲ့ မှုများကို အမြင်မတော်စွာ ပွင့်ပွင့်လင်းလင်း အန်ချလိုက်သည့်နှယ် ကျွန်မခံစားလိုက်ရသည် ။ စကားလုံး အသုံးအနှုန်းများ ၊ စာဝါကျတည်ဆောက်ပုံများ သဒ္ဒါမှန်၏ ၊ စာမှန်၏ ဟူ၍ ကျွန်မ မဆိုလိုသည့်တိုင် ချို့တဲ့ နေသော မေတ္တာတရားနှင့် လူမှုခေါင်းပါးခြင်းများကို ခေတ်လူငယ်တစ်ယောက်၏ ဟန်ဆောင်မှုကင်းသော ဒဲ့ဒိုးအရေးအဖွဲ့ များ ဖြင့် မီးမောင်းထိုးရေးချသည့် သရော်စာ မပီသော စာစုလေးပါ။

ဖတ်ရှုသူများ အတွက် ပေါ့ပေါ့ပါးပါးဖတ်ရှုရင်း၊ ရသတစ်စုံတစ်ရာကို ပေးစွမ်းနိုင်မည့် စာအုပ်လေး တစ်အုပ်ပါ။

Oct . 2016

Artist **မာရီယာအိဇာ**

***

## "စာရေးသူ၏ အမှာ "

ဒီစာအုပ်လေးထုတ်ဖြစ်ဖို့ လေးနှစ် လေးမိုးကျော် အချိန်ယူကြိုးစားဖြစ်ခဲ့တယ်။ လက်ရှိမြန်မာနိုင်ငံ လူမှုဘဝဖြစ်တည်မှုကို အခန်းကဏ္ဍနယ်ပယ်လေးတွေစုံအောင် ပြုစုထားပါတယ်။

အရင်ဆုံး စာအုပ်လေးကို ပြီးအောင်ဖတ်ဖို့ မှာ ပါရစေ။ နယ်ပယ်လေးတွေစုံတော့ တစ်ခုမဟုတ်တစ်ခုတော့ ရသွားမှာ သေချာပါတယ်။ နောက်ဆုံးဘာမှ မရရင်တောင် 'နောင်တ' လေးတော့ ရသွားမယ်လို့

အာမခံပါတယ်။ Data, Resources အတိအကျမဖော်ပြနိုင်တာရယ်၊ Writing Method နည်းမကျတဲ့ အပေါ်၊ Internet မှ မူရင်း ပို့ပိုင်ရှင်များအား ခွင့်ပြုချက်မတောင်းနိုင်တဲ့ အပေါ် ဒီနေရာကနေ တောင်းပန်ပါတယ်။

Oct. 2016

ကမ္ဘာကျော် (ချောင်းခွ)


***

"အမှားကိုမှားတယ်လို့ သတ်မှတ်တိုင်းမှန်ပါ့မလား"

(သို့မဟုတ်)

"အမြင်"

(အပိုင်း - ၁)




*Be Like Bro; 27 August 2016 (from Facebook)*

"အမှားတစ်ခုကို လူတွေကြားထဲ ထပ်ခါထပ်ခါပြောနေရင် အဲ့ဒီအမှားဟာ ကြာလာရင် အမှန်ဖြစ်သွားလိမ့်မယ်"။ အဲ့စကား ပြောခဲ့တာ တခြားသူတော့ မဟုတ်ဘူး ဒုတိယကမ္ဘာစစ်မီးမွှေးခဲ့တဲ့ ဟစ်တလာ။ ဟစ်တလာကို လူမျိုးစုအချို့သာမက ကမ္ဘာတစ်ဝှမ်းက မုန်းတီးခဲ့ပေမယ့် တစ်ချိန်ကတော့ သူဟာ ဂျာမနီအသည်းကျော် တစ်ဦးဖြစ်ခဲ့တယ်။ သူတည်ထောင်ခဲ့တဲ့ နာဇီပါတီရဲ့ သင်္ကေတတံဆိပ် ဟာလည်း ခုချိန်ထိ ရှင်သ

န်နေတုန်းပါပဲ။

အမှားကိုမှားတယ်လို့ သတ်မှတ်တိုင်း မှန်ပါ့မလား ? မှန်တယ် ဆိုလည်း ဖြစ်တယ်၊ မှားတယ်ဆိုလည်း ဖြစ်တယ်။ အဖြေတွေက တူကြမှာ မဟုတ်ဘူး ။ ဒါကတော့ ကိုယ်စံထားတဲ့ ကိုယ့်ပေတံနဲ့ တိုင်းတာကြရမှာပဲ။ အမှားဆိုတာဟာ တကယ်တမ်းကျတော့ ပုံမှန်အနေအထားကနေ အနည်းငယ်နိမ့်ပါး ချွတ်ချော်သွားတဲ့ ဖြစ်ရပ်၊ လူတိုင်းကလည်း အမှားနဲ့ မကင်းကြဘူး။ တိုးတက်ကောင်းမွန်သွားတဲ့ ဖြစ်ရပ်၊ ဆုတ်ယုတ် သိမ်ဖျင်းသွားတဲ့ ဖြစ်ရပ် ဘယ်အခြေအနေဖြစ်ရပ်မဆို အဆိုး၊ အကောင်းတွေ ဒွန်တွဲစမြဲပဲ။ ၁၀၀ မှာ ၁၀၀ ရာခိုင်နှုန်းပြည့် အကောင်းချည်းပဲ ဆိုတာမရှိဘူး။ ရောဂါပြင်းရင် ဆေးပြင်းမယ်၊ ဆေးပြင်းရင် Side Effect များ မယ်။ ကျားကြီးရင် ခြေရာကြီးမယ်ဆိုတဲ့ သဘောမျိုးပဲ။ အဆိုးနဲ့ အကောင်း၊ အမှားနဲ့ အမှန် စတဲ့ ဆန့်ကျင်ဘက်တွေ ပူးတွဲဖြစ်တည်နေတာဟာ ကမ္ဘာကြီးရဲ့ ရိုးရှင်းတဲ့ သီအိုရီလို့ ပဲ ဆိုရမလား။

တစ်ခါတလေကျရင် အမှန်တရားအချို့ဟာ ခေတ္တခဏတိမ်မြုပ် နေတာမျိုးရှိတယ်။ လူအများ စု လက်ခံတာကိုပဲ အမှန်တရားအနေနဲ့ မြင်တွေ့ရတတ်တယ်။ ဂရိအတွေးခေါ်ပညာရှင် ဆိုကရေးတီးဟာ သူ့ရဲ့ အမှန်တရားအတွက် သူ့လက်ကို ပေးဆပ်ခဲ့တယ်။ မနာလိုဝန်တို လူတွေရဲ့ တိုက်ခိုက်မှုအောက်မှာ ) မှန်ကို မကျရှုံးစေခဲ့ဘူး။

အမှန်တရားဆိုတာ သူ့ဟာသူရှိပြီးသားပဲ။ အဲဒီအမှန်တရားကို လူတွေနားမလည် မမြင်သေးသ၍ အမှန်တရားဟာ အမှားတစ်ခုဖြစ်နေဦးမှာ ပဲ။ ကမ္ဘာကြီးဟာ လုံးဝန်းသော ပုံသဏ္ဌာန်ရှိတယ်လို့ သိရှိခဲ့သူ ကလည်း သူ့အယူအဆ မှန်တာကို သူ့ခေတ်သူ့အခါကလူတွေ လက်မခံနိုင်ဘူး ။ ကမ္ဘာကြီးဟာ လုံးဝန်းသော သဏ္ဌာန် ရှိတယ်၊ မပြားဘူး ဆိုတာကို သူ

ဖြေရှင်းချက်မပေးနိုင်ခဲ့ဘူး။ သူလည်း သူ့ရဲ့ ခံယူချက်အတွက် အသက်ပေးခဲ့တယ်။ သူသေပြီး နှစ်ပေါင်းများ စွာကြာမှ ကမ္ဘာကြီးဟာ လုံးဝန်းတဲ့ သဏ္ဌာန်ဆိုတာကို လူတွေတွေ့ရှိ နားလည်ပြီးမှ သာ သူ့ကို ဂုဏ်ပြုတဲ့ အနေနဲ့ ပုံတူရုပ်ထုလုပ် ဂုဏ်ပြုခဲ့ကြတယ်။ တစ်ခါတလေကျရင် ကိုယ်က ဘယ်လောက်မှန်မှန် အများ သူငါရဲ့ အမြင်တွေနဲ့ ဆီလျော်မှု မရှိတဲ့ အခါ တပန်းရှုံးရစမြဲ ဆိုရမလား။

နိုင်ငံရေးလောကမှာ လည်း ပါတီတွေ အများကြီးရှိတယ်။ NLD အားပေးထောက်ခံတဲ့ သူရှိတယ်၊ ကြံ့ခိုင်ရေးကြိုက်တဲ့ သူရှိတယ်။ မြင်တဲ့ အမြင်ချင်းမတူကြဘူး။ ဒုညင်းသီးဆိုတာ လူအတွက်ကောင်းကျိုး ဘာတစ်ခုမှ မရှိဘူး၊ အဆိပ်အတောက်လို့ တောင် အချို့ကပြောကြတယ်။ ဒါပေမဲ့ အနံ့၊ အရသာကောင်းတော့ စားတဲ့ သူကစားတာပဲ။ လူတွေက သူတို့ ကြိုက်ရင် မှားတယ် / မှန်တယ် မရှိတော့ဘူး။ ချစ်ပြီဆိုရင် သွားဘယ်လောက်ခေါခေါ၊ အသားဘယ်လောက်မည်းမည်း ချစ်တာပဲ။ အားနည်းချက်တွေကလည်း အချစ်နဲ့ တွေ့တဲ့ အခါ ဆွဲဆောင်မှုရှိတဲ့ အားသာချက်တွေဖြစ်ကုန်ပြန်ရော။

2 x 2 = 4 ဆိုတာကို လူတချို့ကလက်ခံပေမယ့် 8 - 4 = 4 ဆိုတာကိုကျတော့ လက်မခံနိုင် ကြတော့ဘူး။ ငယ်ငယ်က ဆရာမတချို့ ပြောသလိုပေါ့ "ငါတွက်ပြတဲ့ နည်းနဲ့ ပဲတွက် မရှည်နဲ့ " ဆိုတာ မျိုး၊ ဒါမှ ဒါ ဒါမဟုတ်တဲ့ ဟာ အကုန်မှားတယ်၊ အဖြေမှန်လည်း အကျုံးမဝင်ဘူး၊ ဘောင်မဝင်ဘူး ဆိုတာမျိုးပေါ့။ Rock, Hip Hop, Country, Slow Go Go စသည် ဖြင့် တေးဂီတအမျိုးအစားတွေအများကြီးရှိတယ်။ Rock ဂီတကြိုက်တဲ့ သူက Country တွေနဲ့ ပေါင်းလို့ သင်းလို့ အဆင်ပြေမယ်။ Hip Hop သမားတွေက Slow Go Go သမားတွေကို ခေတ်နောက်ကျ လိုက်တာ ပြောချင်ပြောမယ်။ ဟုတ်တယ် နည်းလမ်းတွေ အများကြီး ရှိတယ်။ ရန်

ကုန်ကနေ မန္တလေးကို လေယာဉ်နဲ့ သွားမလား၊ ကားနဲ့ လား၊ ရထားနဲ့ လား၊ ရေကြောင်းနဲ့ မျှောမလား၊ ကြိုက်တာနဲ့ သွားလို့ ရတယ်။ ရည်ရွယ်ချက်က မန္တလေးရောက်ဖို့ ပဲမဟုတ်လား။ ဒါပေမဲ့ မန္တလေးရောက်တာချင်းတူပေမယ့်ကုန်ကျစရိတ်နဲ့ ကြာချိန်တော့ကွာ မှာ ပေ့ါ။ ကိုယ်နဲ့ အမြင်၊ အယူဝါဒ မတူညီတိုင်း သူများ ဟာကို မှားတယ်မှန်တယ်၊ ကောင်းတယ် ဆိုးတယ် သတ်မှတ်ဝေဖန်ဖို့ တော့ မဖြစ်သင့်ဘူး။

တစ်ခါတလေ ကိုယ်ကသူတစ်ပါးရဲ့ လုပ်ရပ်၊ ဖြစ်ရပ်ကိုကြည့်ပြီး မှားတယ်လို့ ထင်မြင်သတ်မှတ်ပေမယ့် သူ့အတွက်ကျတော့ အမှန်ဆုံး လုပ်ရပ်လည်း ဖြစ်နေနိုင်တယ်။ အိန္ဒိယန်းလူနီ (Red Indians) တွေရဲ့ စကားပုံလေးကို သဘောခွေ့မိလေရဲ့ "လူတစ်ဦး၏ ဖိနပ်ကိုစီးပြီး လမ်းမလျှောက်ကြည့်ဖူးဘဲနဲ့ အဲဒီလူကို မဝေဖန်နဲ့ " တဲ့ ။

စားလို့ လည်း မရဘူး၊ ဆုပ်ကိုင်လို့ လည်း မရဘဲနဲ့ လူတွေက ပြောကြတယ် "အချစ်က ချိုတယ်၊ အချစ်က ခါးတယ်၊" "အချစ်ဆိုတာ ရယူခြင်း၊ အချစ်ဆိုတာပေးဆပ်ခြင်း" အမျိုးမျိုးပေ့ါ ကိုယ်ခံစား ကြုံတွေ့တဲ့ အရာပေါ်မှာ သတ်မှတ်ကြတယ်။ မျိုးကြီးသီးချင်းမှာ ပါတာက "ရယူခြင်းမဟုတ်ရင် အချစ်က ဘာလဲ" တဲ့ ၊ စိုင်းထီးဆိုင် ဆိုသွားတာက "အချစ်ဆိုတာ ပေးဆပ်ခြင်းတစ်ခုပါ" တဲ့ ။ အချစ်ဟာ ခါးတယ်လို့ ခံယူထားတဲ့ သူကို အချစ်ဆိုတာချိုတယ်၊ သာယာတယ် သွားပြောနေလည်း သူ့အတွက်ထူးမှာ မဟုတ်ဘူး ။ အချစ်ကခါးတယ်ဆိုတာ သူ့ရဲ့ လက်တွေ့ ကြုံတွေ့နေရတဲ့ အမှန်တရားပဲ။ အမှန်တကယ်တော့ အချစ်ဆိုတာ ဟာ အချစ်ပါပဲ၊ စိတ်ခံစားမှုတစ်ခုပေ့ါ၊ ခံယူသူနဲ့ ပဲဆိုင်တယ်။

ကျနော်တို့ တွေ လိုင်းကားစီးတယ်။ လူကျပ်လွန်းတော့ တချို့က ကားမူးကြတယ်၊ ကားမူးတတ်တဲ့ သူက လိုင်းကားဘယ်လောက် ချောင်

ချောင် မူးတယ်။ Taxi အငှားယာဉ်စီးရင်လည်း မူးတဲ့ သူက မူးတာပဲ။ တချို့ကျပြန်တော့ လိုင်းကားမြင်တာနဲ့ မူးတော့တာပဲ။ အဲထက် ပိုဆိုးတာက "ကား"ဆိုတဲ့ အသံကြားတာနဲ့ မူးတဲ့ သူလည်း ရှိတယ်။ ကားစီးလို့ မူးတဲ့ သူကို နောက်မမူးနဲ့ သွားပြောလည်း ထူးမယ်မထင်ပေါင်။

နောက်ဆုံးကျွန်တော်တို့ ယောင်ယမ်းပြီးပြောတဲ့ အာမေဋိတ် စကားတွေတောင် မတူကြဘူး။ ချော်လဲတဲ့ အခါ၊ ကလိထိုးခံရတဲ့ အခါ၊ ချောက်လှန့်ခံရတဲ့ အခါတွေပေါ့၊ တချို့က "အမလေးဘုရား၊ နင့်မေကြီးတော်" အမျိုးမျိုးပေါ့၊ တချို့ကျတော့လည်း ယောင်လိုက်ပုံများ "နင့်မေဆပ်ပြာ" x x x။ ဒါကိုသွားပြီး အပြစ်ဆိုနိုင်မလား။ သူ့အကြောင်းနဲ့ သူ အကျိုးဆက်တွေရှိလေရဲ့ ။

## သဘောတရား / ခံယူချက်

တစ်ခါက ကားဂိတ်မှာ ကားစောင့်ရင်း ကောင်လေးတစ်ယောက် ဖုန်းထဲက ဂိမ်းဆော့နေတာကို သတိထားမိတယ်။ သူဆော့တဲ့ ဂိမ်းက " Wow Fish " ဂိမ်း၊ ငါးလေးတွေ ရေသူမလေးတွေကို ပိုက်ကွန်နဲ့ ဖမ်းတမ်းဆော့ရတဲ့ ဂိမ်း။ တစ်အောင့်နေတော့ ကောင်လေးနားက သူ့အမေလို့ ယူဆရတဲ့ အန်တီကြီးက ကောင်လေးကိုထဆူတယ် "ဟဲ့သား အကုသိုလ်တွေယူမနေနဲ့ ငါးလေးတွေသတ်တာ ငရဲကြီးတယ်တဲ့ ။ အံ့ရော ...

ပုံပြင်လေးတစ်ပုဒ်ဖတ်မိတယ်။ "နွားနို့သောက်သူ၊ ပျားရည် သောက်သူ၊ အရက်သောက်သူ သုံးယောက်ကို ယမမင်း, က စစ်တယ်။ နွားမကြီးက သူ့ သားလေးအတွက် တိုက်မည့်နို့ကို မင်းတို့ က ကိုယ်အားရှိဖို့ သောက်တယ် မတရားဘူး နွားနို့သောက်တဲ့ ကောင် အဝီစိကို သွား . .။ ပျားရည်သောက်တယ်ဟုတ်လား။ ပျားလေးတွေက ဝတ်ရည်

တွေကို စုဆောင်းထားတာကို မင်းတို့ က မတရားလုယူပြီး သောက်တယ်။ မင်းလည်း အဝီစိကိုသွား ..။ သြော် မင်းက အရက်သောက်တယ်။ အရက်ဆိုတာ သားသတ်လွတ်ဖြစ်တယ်။ သတ္တဝါတွေကို မထိခိုက်ဘူး။ ဒါကြောင့် အရက်သောက်တဲ့ ကောင် နတ်ပြည်တက်စေ"(၁) တဲ့ ။ ဒါကျတော့လည်း ဟုတ်နေတာပဲ။ တိန် . .။

## အမြင်

သေနတ်တီထွင်သူက တီထွင်လိုက်တယ်၊ တစ်ဖက်ကလည်း ကျည်ကာအင်္ကျီတီထွင်တယ်။ ဒီနေရာမှာ သေနတ်တီထွင်သူကို အဆိုးမြင်သမား၊ ကျည်ကာအင်္ကျီတီထွင်သူကို အကောင်းမြင်သမားလို့ ယူဆလို့ ရတယ်။ ဒိုင်းနမိုက်တီထွင်ခဲ့သူက အများ အကျိုးပြုအောင် အသုံးချဖို့ တီထွင်ခဲ့တယ်။ ဒါပေမဲ့ အသုံးပြုသူတွေက လူသတ်တဲ့ စစ်ပွဲတွေမှာ ဒိုင်းနမိုက်ကို အသုံးပြုကြတယ်။ ဒီနေရာမှာ ဒိုင်းနမိုက် တီထွင်သူကို အဆိုးမြင်သမားလို့ သတ်မှတ်နိုင်ပါ့မလား။

"အကောင်းမြင်သူက လေယာဉ်ပျံကို တီထွင်တယ်။ သံသယဖြင့် အဆိုးမြင်သူက လေထီးကို တီထွင်တယ်။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ လေထီးတီထွင်တဲ့ အဆိုးမြင်သံသယသမားဟာ လူကောင်းဟုတ်ပါ့မလား။ အကောင်းမြင်သမားက သင်္ဘောတီထွင်နေချိန်မှာ အဆိုးမြင်သမားက အသက်ကယ်အင်္ကျီကိုတီထွင်တယ်။ ဒီမှာ ရော အသက်ကယ်အင်္ကျီ တီထွင်တဲ့ သူက အဆိုးမြင် ဝါဒီပဲလား" (၂)

**(၁)အရက်သမားကုလသမဂ္ဂအဖွဲ့ချုပ်၊** 18 August 2016 \ Facebook

(၂) Thaw Zin Aung, 12 August 2014 \ Facebook

## အခြေအနေ

ပထမတစ်ယောက်။ ။ သိန်းထောင်ချီကား အကောင်းစားမောင်းတယ်၊ နည်းတူသိန်းထောင်ချီ ဘဏ်မှာ အကြွေးရှိတယ်။ သူ့ဘဝမှာ သေမလား၊ ရှင်မလားဆိုတဲ့ ကြိုးပေါ်မှာ ကြောက်ကြောက် လန့်လန့် လျှောက်နေရတယ်။

ဒုတိယလူ။ ။ သိန်းရာကျော်ကားစီးနိုင်တယ်၊ တိုက်ခန်းဝယ်ဖို့ သိန်းရာချီဘဏ်မှာ အကြွေးရှိတယ်။ သူ့ဘဝမှာ အမြဲစိတ်ပူနေရတယ်။


တတိယလူ။ ။ ဆိုင်ကယ်မောင်းတယ်၊ ဘဏ်မှာ သိန်းဆယ် ဂဏန်းအပ်ထားနိုင်တယ်၊ သူ့ဘဝမှာ အေးအေး ဆေးဆေးဆိုပေမယ့် ဘာအမိပ္ပာယ်မှ မရှိဘူးလို့ ခံစားရတယ်။

အကယ်၍ ဒီလူသုံးယောက်ဆုံတဲ့ အခါ ဆိုင်ကယ်မောင်းတဲ့ သူက သိန်းရာကျော်ကားမောင်းတဲ့ သူကို အားကျမယ်။ သိန်းရာကျော် ကားမောင်းတဲ့ သူက သိန်းထောင်ကျော်ကားမောင်းတဲ့ သူကို အားကျမယ်။ သိန်းထောင်ချီကားမောင်းတဲ့ သူက ဆိုင်ကယ် မောင်းတဲ့ သူကို အားကျမယ်။ ဒါကတော့ "ပတ်ဝန်းကျင် ရဲ့ အမှန်တရား" ပါ။ လူတိုင်းတစ်ယောက်နဲ့ တစ်ယောက် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ပစ္စည်းဥစ္စာ ပကာသနတွေ၊ ကံကြမ္မာတွေ ပိုင်ဆိုင်ထားကြတယ်။

ကြောင်က ငါးကိုကြိုက်တယ်၊ ဒါပေမဲ့ ရေမကူးတတ်ရှာဘူး။ ငါးက တီကောင်စားရတာ ကြိုက်တယ်၊ ဒါပေမဲ့ သူကိုယ်တိုင်

ကုန်းပေါ်တက်ပြီး တီကောင်မဖမ်းနိုင်ရှာဘူး။

ဒီနေ့မှာ ဘယ်လောက်ကြီးမားတဲ့ အကြောင်းအရာပဲဖြစ်ပါစေ၊ နောက်နှစ်ရောက်ရင် ပုံပြင်တစ်ပုဒ် သာသာဖြစ်သွားလိမ့်မယ်။ အဆိုးဆုံးဆိုရင်လည်း ကျွန်တော်တို့ သူများ အတွက် နောက်ကျရင်ပြောပြဖို့ ပုံပြင်တစ်ပုဒ်တိုးသွားရုံလောက်ပါပဲ။ ဘ၀ဆိုတာ ဒီလောက်ပါပဲ။ (၃)




ခေတ်ပြကြေးမုံ တစ်ကွက်ကာတွန်းများ 17 September 2016\Facebook

(၃) New Rich City Facebook

*****